# သူတော်စကား နေ့တိုင်းကြားလည်း

အရှင် ဉာဏိက

မကြာမီအချိန်ကမှ သာသနာတွင်းဝင်ရောက်လာတဲ့ တိဿဆိုတဲ့ တောထွက်ရဟန်းကြီးတစ်ပါးဟာ မြတ်စွာဘုရားရှင်ရဲ့ ဝမ်းကွဲညီအကိုတော်သူပါ။ မြတ်စွာဘုရားကို ဖူးမြော်ဖို့ ရောက်လာလေ့ရှိသူတို့ရဲ့ ဆုံစည်းရာနေရာဖြစ်တဲ့ ဇေတဝန်ကျောင်းတော်အလည်က ဇရပ်တစ်ဆောင်မှာ အနေများပါတယ်၊ မြတ်စွာဘုရားကို ပူဇော်ဆက်ကပ်ကြတဲ့ လှူဒါန်းစားသောက်ဖွယ်တွေကို မှီဝဲစားသောက်ပြီး ဇိမ်ကျကျ စတိုင်ကျကျနဲ့ နေထိုင်လေ့ရှိပါတယ်၊ ဘုရားရှင်ကိုဖူးမြော်ကြည်ညိုဖို့ အဝေးကနေရောက်လာကြတဲ့ရဟန်းတော်များက သူ့ရဲ့အခြမှန်ကို မသိတာကြောင့် သက်ကြီးဝါကြီး မထေရ်ကြီးတစ်ပါးအမှတ်နဲ့ သူ့ကိုရှိခိုးပူဇော်ကြ၊ ဝတ်ကြီးဝတ်ငယ်များကိုလည်း ပြုစုကြပါတယ်၊ ဒါကိုသူကလည်း သာယာကျေနပ်နေပါတယ်၊ တကယ်ဆို ရဟန်းတော်များဆိုတာက အချင်းချင်း သိက္ခာဝါကြီးသူ (ဦးစွာရဟန်းဖြစ်သူ) ကို အရိုအသေပေးရရိုး အစဥ်အလာရှိပါတယ်၊ သို့ပေမယ့် ဒီတိဿရဟန်းကြီးကတော့ ဒီအစဥ်အလာကို မသိကျိုးကျွန်ပြုပြီး ကိုယ့်ထက်သိက္ခာဝါကြီးသူများရဲ့ အရိုအသေပေးမှုကို ခံယူကျေနပ်နေခဲ့တာပါ။

တနေ့မတော့ ရဟန်းငယ်တစ်ပါးက အရှင်ဘုရား ဝါတော်ဘယ်လောက်ရှိပါပြီလဲဘုရားလို့ စူးစမ်းမေးမြန်းခဲ့ပါတယ်၊ ဒီအခါမှာမှ တိဿရဟန်းကြီးက ငါ့မှာဝါမရှိသေးပါလို့ပြန်ဖြေပါတယ်၊ အော် တယ်လည်းခက်တဲ့ရဟန်းကြီးပဲ၊ ကိုယ့်ပမာဏကို ကိုယ်မသိဘူး၊ မထေရ်တွေမြောက်များစွာတွေ့မြင်ပါလျက်နဲ့ အရိုအသေပေးရကောင်းမှန်းမသိ၊ ဝတ်ကြီးဝတ်ငယ်ပြုရကောင်းမှန်းမသိပဲ မသိသလိုနေနေတယ်၊ သူတစ်ပါးတွေအပြုအစုကို ခံယူကျေနပ်နေတယ်၊ အံ့သြစရာပါပဲလို့ ရဟန်းများက ကဲ့ရဲ့စကားဆိုပါတယ်။ ဒီတော့ မင်းမျိုးမာန်တက်နေတဲ့ တောထွက်ရဟန်းကြီးက နေပါဦး၊ ခုသင်တို့ဘယ်သူ့ထံ လာကြတာလဲ၊ ဘုရားရှင်ထံလာကြတာမဟုတ်လား၊ ငါဘယ်သူဆိုတာရော သိကြရဲ့လား၊ အေး သင်တို့ငါ့အကြောင်းသိစေရမယ်၊ သင်တို့ကို အမြစ်ပါမကျန်ဖျက်ဆီးပစ်မယ်ရယ်လို့ ကြိမ်းမောင်းပြောဆိုပါတယ်၊ နောက်ပြီး သူက ဝမ်းနည်းပက်လက်ငိုကြွေးပြီး ဘုရားရှင်ထံကို သွားရောက်တိုင်ကြားပါတယ်၊ သူမျှော်လင့်တာက ဘုရားရှင်က သူ့ဆွေမျိုးမို့ မှန်မှန်မှားမှား သူ့ဖက်ကနေ ဆွေမျိုးချင်း ရိုင်းပင်းကာကွယ်ပေးလိမ့်မယ်လို့ ယူဆဟန်ရှိပါတယ်။

သို့ပေမယ့် ဘုရားရှင်တို့ဆိုတာက အမှန်ကိုသာ လမ်းညွှန်မိန့်ကြားတတ်သလို အမှန်တရားဖက်ကသာ အစဥ်ထာဝရ ရပ်တည်လေ့ရှိတာပါ၊ ဆွေမျိုးဉာတကာအမှားမို့ ဒါတော့ ထားလိုက်ပါ၊ ဒါသူ့အဆိုးမဟုတ်ပါဘူး ဆိုတာမျိုး ဘယ်မှာရှိပါ့မလဲ၊ နောက်ပြီး သူ့ဆွေမျိုးတွေရဲ့အမှားပြုလုပ်မှု ကံတရားဆိုးကျိုးဆက်က နည်းပါးပေါ့လျော့စေ၊ တစိမ်းတရံများရဲ့ အကုသိုလ်အကျိုးဆက်ကတော့ ပိုမိုဆိုးရွားစေ၊ ကောင်းမှုကံ မကောင်းမှုကံတရားများအကျိုးဆက်မှာ ဆွေမျိုးဉာတကာတွေ ရရှိခံစားရမည့် ရလဒ်များနဲ့ အခြားသူများအတွက်ရလဒ် မတူခြားနားစေဆိုတာမျိုးလည်း ဘယ်မှာရှိပါ့မလဲ။ဘုရားဆိုတာ မပြောင်းလဲတဲ့ အမှန်တရားနဲ့ တစ်ထပ်တစ်သားတည်းကျနေတဲ့ တုနှိုင်းမဲ့ အာဃာအာဇာနည်လူသားမျိုးပဲ မဟုတ်လား။

ဘုရားရှင်က အကြောင်းစုံကိုမေးမြန်းခဲ့ပါတယ်၊ တိဿရဟန်းကြီးရဲ့ ဝတ္တရားချွတ်ယွင်းမှုကြောင့် ခုလိုဖြစ်ခဲ့ရတာကို သိရတဲ့အတွက် ပြောဆိုကြတဲ့ရဟန်းများအပေါ်မှာ သည်းခံခွင့်လွှတ်ဖို့၊ ကိုယ့်ဝတ္တရားများကိုလည်း ကျေပွန်စွာ ပြုလုပ်ဖို့ ဗုဒ္ဓက တိဿရဟန်းကြီးကို မိန့်ပါတယ်။ သို့ပေမယ့် တိဿရဟန်းကြီးက ဘုရားရှင်ရဲ့စကားကို နားမထောင်လက်မခံပါဘူး၊ သူ့ကိုပြောဆိုကြတဲ့ရဟန်းများအပေါ်မှာ ဘယ်လိုမှ ခွင့်မလွှတ်နိုင်ကြောင်းကိုသာ အကြောက်အကန်ပြောဆိုခဲ့ပါ တယ်။

ဒီတော့ ရဟန်းတော်များက အော် ဘုရားရှင်ကဆုံးမတာတောင် နားမထောင်ဘူး၊ တော်တော်လည်း ပြောရဆိုရခက်တဲ့ ရဟန်းကြီးပဲရယ်လို့ ပြောဆိုကြပါတယ်၊ ဒီတော့ ဘုရားရှင်က သူက ခုမှသာ ပြောဆိုရခက်ခဲတာ မဟုတ်ဘူး၊ ဟိုရှေးဘဝကတည်းက ခုလိုပဲ ပြောဆိုရခက်သူတစ်ဦးပါဆိုပြီး အဖြစ်အပျက်ဟောင်းတစ်ခုကို မိန့်တော်မူပါတယ်။

တစ်ခါက ဒေဝီလအမည်ရှိတဲ့ ရသေ့တစ်ပါးဟာ ဟိမဝန္တာတောမှာ နေထိုင်ပါတယ်၊ အကြောင်းရှိလို့မြို့ကိုရောက်တဲ့အခါ အိုးထိန်းသည်တစ်ဦးပိုင်ဆိုင်တဲ့ဇရပ်မှာ တည်းခိုပါတယ်၊ သူ့နည်းတူ နာရဒဆိုတဲ့ အခြားရသေ့တစ်ပါးလည်း ဟိမဝန္တာတစ်နေရာကနေ မြို့ကိုရောက်လာတဲ့အခါမှာ ဇရပ်ပိုင်ရှင် အိုးထိန်းသည်ရော၊ ဦးစွာရောက်နှင့်နေတဲ့ ဒေဝီ

လရသေ့ရဲ့သဘောတူခွင့်ပြုချက်နှင့်ပါ ဒီအိုးထိန်းသည်ရဲ့ဇရပ်မှာပဲ တည်းခိုပါတယ်၊ ရသေ့နှစ်ပါးဟာ အလွှာပ သလ္လာပပြောဆိုပြီး အသီးသီးအိပ်ရာဝင်ခဲ့ကြပါတယ်၊ အိပ်ရာမဝင်မီမှာ နောက်မှရောက်လာတဲ့ နာရဒရသေ့က ဒေဝီလ ရသေ့ရဲ့ အိပ်ရာနေရာကို သေသေချာချာမှတ်သားပြီးမှ အိပ်ရာဝင်ပါတယ်၊ ညမှာ အကြောင်းရှိလို့ ထသွားထလာလုပ်ခဲ့လျှင် ဒေဝီလရသေ့ကို ထိမိခိုက်မိ မဖြစ်စေဖို့ပါ၊ သို့ပေမယ့် ဒေဝီလရသေ့က မူလနေရာမှာ မအိပ်ပဲ တံခါးဝမှာ ကန့်လန့် အိပ်နေတာကြောင့် ညအခါ နာရဒရသေ့ ဇရပ်အပြင်ထွက်တဲ့အခါ သူ့ဆံကျစ်ကိုနင်းမိပါတယ်၊ ဒီတော့ ဒေဝီလရသေ့က ကောက်ကျစ်ယုတ်မာတဲ့ရသေ့၊ ဘာကြောင့် ငါ့ဆံကျစ်ကိုနင်းရတာလဲလို့ ကျိန်းမောင်းပြစ်တင်ပါတယ်၊ နာရဒရသေ့က အော် ဆရာရသေ့၊ ဆရာရသေ့ ဒီနေရာမှာ အိပ်နေတာကိုမသိတာကြောင့် ခုလိုဖြစ်ရတာပါ၊ သည်းခံတော်မူပါလို့ တောင်းပန်စကားဆိုပြီး ဒေဝီလရသေ့ မြည်တွန်တောက်တီးနေစဉ်မှာပဲ ဇရပ်အပြင်ကိုထွက်ခဲ့ပါတယ်။

ဒေဝီလရသေ့ကလည်း ဒီရသေ့ပြန်ဝင်လျှင် ခုလိုပဲ ငါ့ကိုကျော်ဝင်ရမှာ၊ ဒီတော့ ကျော်လျှင်လည်း ခြေထောက်ကိုသာကျော်ပစေဆိုတဲ့အနေနဲ့ မူလခြေထားရာအရပ်ဖက်ကို ဦးခေါင်းထားပြီး ပြန်အိပ်နေခဲ့ပါတယ်၊ နာရဒရသေ့ကလည်း ပြန်ဝင်တဲ့အခါ ထွက်လာစဉ်က ဆံကျစ်ကိုနင်းမိပြီး ဆရာရသေ့ကိုပြစ်မှားမိပြီ၊ ပြန်ဝင်တဲ့အခါမတော့ ခြေရင်းဘက်က ဝင်မှလို့စိတ်ကူးပြီး ဝင်တဲ့အခါမှာ ဒေဝီလရသေ့ရဲ့ လည်ပင်းကိုတက်နင်းမိပါတယ်။ အော် ရသေ့ယုတ်၊ ထွက်စဉ်ကလည်း ငါ့ဆံကျစ်ကို နင်းခဲ့ပြီ၊ ခုလည်း ငါ့လည်းပင်းကိုနင်းပြန်ပြီ၊ သင့်ကိုငါကျိန်ဆဲတော့မယ်ရယ်လို့ ပြောဆိုပါတယ်၊ ဒီအခါမှာ နာရဒရသေ့က ဆရာ ဒါကျွန်ုပ်အပြစ်မဟုတ်ပါ၊ ဆရာရသေ့ ခုလို အိပ်နေမှန်းမသိတာကြောင့် တစ်ခါပြစ်မှားမိပါသည်၊ ခုနောက်တစ်ခါမှာလည်း ခြေရင်းဘက်ကဝင်အံ့ဆိုပြီး ဝင်လာခဲ့တာပါ။ ဆရာရသေ့ သည်းခံတော်မူပါလို့ တောင်းပန်စကားဆိုခဲ့ပါတယ်။ သို့ပေမယ့် ဘယ်လိုမှ တောင်းပန်စကားဆိုလို့ မရခဲ့ပါဘူး။ ဒါကြောင့် ဒေဝီလရသေ့က "ရောင်ခြည်တစ်ထောင်အလင်းဆောင်တဲ့နေမင်းကြီးဟာ အမိုက်မှောင်ကိုပယ်ဖျောက်တတ်တယ်၊ နံနက်လင်းလို့ ဒီနေမင်းကြီးထွန်းလင်းတောက်ပလာတဲ့အခါမှာ ဒီရသေ့ယုတ်ရဲ့ ဦးခေါင်း ခုနစ်စိတ်ခုနစ်ဖြာ ကွဲပါစေသား" ရယ်လို့ ကျိန်စာစကားဆိုခဲ့ပါတယ်။

နာရဒရသေ့ကလည်း ဆရာ ငါ့မှာ အပြစ်မရှိ၊ တောင်းပန်နေသည့်ကြားကပဲ သင်ကကျိန်ဆိုတယ်၊ ဒီတော့ အကျွန်ုပ်ကလည်း အပြစ်မရှိကြောင်းသက်သေထူဖို့ သင့်လိုပဲ ကျိန်စာစကားဆိုရတော့မှာပ၊ အပြစ်ရှိသူရဲ့ဦးခေါင်းသာကွဲပြီး၊ အပြစ်မရှိသူဦးခေါင်း မကွဲပါစေသတည်းလို့ ပြောဆိုပြီး တုန့်လှည့်တစ်ဖန် ဒေဝီလရသေ့နည်းတူ ကျိန်စာစကားဆိုခဲ့ပါတယ်။

တကယ်တော့ နာရဒရသေ့က တန်ခိုးတ္တဒ္ဓိပါဒ်နဲ့ပြည့်စုံတဲ့ ရသေ့တစ်ပါးပါ။ အတိတ်ကမ္ဘာလေးဆယ်၊ အနာဂါတ်ကမ္ဘာ လေးဆယ်ကို အောက်မေ့ဆင်ခြင်နိုင်စွမ်းရှိပါတယ်၊ သူတို့နှစ်ဦးကျိန်ဆိုပြီးတော့ ဘယ်သူ့ကျိန်ဆိုမှုက အလေးသာလေမလဲလို့ဆင်ခြင်တဲ့အခါမှာ သူကအလေးသာတာကို သိပါတယ်။ ဒါကြောင့် ဒေဝီလရသေ့အပေါ်မှာကျရောက်မည့် အန္တရာယ်ကိုမြော်တွေးသနားပြီး နေမင်းကြီး ထွက်ပေါ်မလာအောင် တားမြစ်ထားပါတယ်။ နေထွက်ချိန်ရောက်ပါလျက် ထွက်ပေါ်မလာနိုင်တာကြောင့် သာမန်မြို့သူမြို့သားတွေအစ ရှင်ဘုရင်အဆုံး ဒီပြဿနာရဲ့အကြောင်းရင်းကို ရှာဖွေကြတော့ အဖြစ်မှန်ကို သိကြရပါတယ်။

အကြောင်းစုံကို စုံစမ်းပြီးတဲ့အခါမတော့ ဒီပြဿနာဟာ ဒေဝီလရသေ့ကနေ နာရဒရသေ့ကို တောင်းပန်စကားဆိုလျှင် ပြေလည်သွားမယ်ဆိုတာ ပြည့်ရှင်မင်းကြီး သိခဲ့ပါတယ်၊ မင်းကြီးက ဒေဝီလရသေ့ကို နာရဒရသေ့အား တောင်းပန်စကားဆိုဖို့ တိုက်တွန်းခဲ့ပါတယ်။ မင်းကြီးစကားကို ဒေဝီလရသေ့က နားမထောင် လက်မခံခဲ့ပါဘူး၊ အဆုံးမတော့ ဒေဝီလရသေ့ရဲ့ လက်ခြေတို့ကို ဖမ်းချုပ်တုတ်နှောင်ပြီး နာရဒရသေ့ရဲ့ခြေရင်းမှာ သူ့ဆန္ဒမပါပဲ ဝပ်စင်းတောင်းပန်စေခဲ့ပါတယ်။ နာရဒရသေ့က ခွင့်လွှတ်သည်းခံခဲ့ပေမယ့် ဒေဝီလကိုယ်တိုင် စိတ်ပါလက်ပါတောင်းပန်ခဲ့တာ မဟုတ်လို့ သူ့အပြစ်ကတော့ လုံးဝကျွတ်လွတ်သွားခဲ့တာမဟုတ်ပါဘူး။ ဒါကြောင့် နေထွက်လာတဲ့အခါ သူ့ဦးခေါင်းမကွဲရလေအောင် ရေကန်ထဲမှာ ဦးခေါင်းမြှုတ်ထားပြီး ဦးခေါင်းပေါ်မှာ မြေစိုင်ခဲတင်ကာ နေထွက်အလာကို ဒေဝီလရသေ့ စောင့်စားခဲ့ရပါတယ်။ ဒီအကြံကိုလည်း နာရဒရသေ့ကပဲပေးခဲ့တာပါ။ နေထွက်လာတဲ့အခါမတော့ ဒေဝီလရသေ့ရဲ့ ဦးခေါင်းပေါ်ကမြေစိုင်ခဲဟာ ခုနစ်စိတ်ခုနစ်ဖြာ ကွဲကြေလို့သွားခဲ့ပါတယ်။ ဒေဝီလရသေ့ကတော့ အသက်မသေပဲ အန္တရာယ်ကနေလွတ် မြောက်နိုင်ခဲ့ပါတယ်။

ဒီဝတ္ထုကို မြတ်စွာဘုရားက ဟောတော်မူပြီး တစ်ဆက်တည်း
အက္ကောစ္ဆိ မံ အဝဓိ မံ ၊ အဇိနိ မံ အဟာသိ မေ။
ယေ စ တံ ဥပနယှန္တိ ၊ ဝေရံ တေသံ န သမ္မတိ။ (ဓမ္မပဒ–၃)
"ဒီလူဟာ ငါ့ကိုဆဲဖူးသူ၊ ငါ့ကိုသတ်ပုတ်ဖူးသူ၊ ငါ့အပေါ် အနိုင်ယူဖူးသူ၊ ငါ့ဥစ္စာကို ခိုးဖူးသူပဲဆိုပြီး အမျက်ဒေါသ ပွားနေမည်ဆိုလျှင်ဖြင့် ဘယ်တော့မှ ရန်မီးငြိမ်းနိုင်လိမ့်မယ် မဟုတ်ပေဘူး" ရယ်လို့လည်း ဆက်လက်ပြီး မိန့်တော်မူပါတယ်။ ရန်မီးတွေ မငြိမ်းစဲနိုင်တဲ့ ခုလို ကာလသမယမှာ အချင်းချင်းတွေကြား၊ ရန်မီးတွေသိမ်း၊ အေးငြိမ်းချမ်းသာစွာနေနိုင်စေဖို့ ကျိုးကြောင်းပြကာ ဆုံးမစကားဆိုတော်မူတဲ့ မြတ်ဗုဒ္ဓရဲ့စကားတွေဟာ လူမျိုးဘာသာနေရာမရွေး မှတ်သားလေးစား လိုက်နာစရာ ကောင်းလှပါတယ်။

လူတိုင်းလူတိုင်းဘဝမှာ အနည်းနှင့်အများဆိုသလိုပဲ အမှားတစ်ခုခုတော့လုပ်ခဲ့ဖူးကြမှာပါ။ သို့ပေမယ့် ကိုယ်လုပ်ခဲ့တဲ့အမှားအပေါ်မှာ သံုးသပ်ပုံခြင်းတော့ တစ်ဦးနှင့်တစ်ဦး တူနိုင်ကြမယ် မဟုတ်ပါဘူး၊ တချို့က ကိုယ်မှားခဲ့တဲ့အမှားကိုအခြေပြုလို့ နောင်မှာဒီလိုအမှားမျိုး ထပ်မကျူးလွန်မိအောင် ရှောင်ကြဉ်တာမျိုးရှိနိုင်သလို၊ ဒီအမှားကိုအခြေခံပြီး အမှန်တရားတစ်ခုခုရရှိအောင်၊ ကောင်းကျိုးတစ်ခုခုရအောင် အားထုတ်ကြသူတွေလည်း ရှိကြမှာပါ။ တချို့ကတော့လည်း မှားပြီးရင်းမှား၊ အမှားသံသရာကြားမှာ လုံးလည်းခြာလည် ဖြစ်နေသူတွေလည်း ရှိမှာပါပဲ။ လူတိုင်းမကင်းနိုင်တဲ့အမှားကိုပဲ မှားရကောင်းလားရယ်လို့ အလွယ်တကူ အပြစ်တင်မည်ဆိုလျှင်တော့ မှားသူအမှားထက် အပြစ်တင်သူရဲ့အမှားက ပိုမိုဆိုးရွားပါလိမ့်မယ်၊ တဖက်မှာလည်း မှားသူအနေနဲ့ မမှားသင့်တဲ့အမှားမျိုးကို ထပ်ကာထပ်ကာ မှားနေမည်ဆိုလျှင်တော့ မိုက်မဲရာကျမှာပါပဲ၊ ပိုဆိုးတာကတော့ ကိုယ့်မှာဆင်ခြင်စဉ်းစားနိုင်စွမ်းမရှိလို့ ကိုယ့်အမှားကိုယ်မသိတာကို တတ်သိနားလည်သူများက ဝေဖန်ထောက်ပြပါလျက်ကယ်နဲ့ ပြုပြင်ရမှန်းမသိ၊ လေးစားလိုက်နာရမှန်းမသိ ဖြစ်နေဦးမည်ဆိုလျှင်ဖြင့် မိုက်မဲရာပါမက ယုတ်ညံ့ရိုင်းစိုင်းရာလည်းရောက်ပါတယ်။ မှားနေတာကို ကိုယ်တိုင်လည်းသိတယ်၊ တခြားသူများကလည်း ဝေဖန်ထောက်ပြတယ်၊ သို့ပေမယ့် ဒီအမှားကပဲ ကိုယ့်အဖို့ အကျိုးအမြတ်ဖြစ်နေတာမို့ အလားတူအမှားမျိုးကိုပဲ ထပ်တလဲလဲကျူးလွန်တာမျိုး၊ အမှန်မပြုပြင်နိုင်တာမျိုးကတော့ အဆိုးတကာ့ အဆိုးဆုံးလို့ပြောရမှာပါ။

လောကမှာ ဒေဝီလရသေ့လိုပဲ ကိုယ့်အမှားကိုယ် မသိသူတွေ၊ ကိုယ့်အပြစ်ကို ကိုယ်မမြင်နိုင်သူတွေက အများသားပါ၊ နောက်ပြီး ကိုယ့်အပြစ်ကို သူများအပြစ်ဖြစ်အောင် လုပ်ကြံတတ်သူတွေဆိုတာလည်း နယ်ပယ်အသီးသီးမှာ ရှိစမြဲပါပဲ၊ သူတစ်ပါးတွေ ဘယ်လိုပင် ထိခိုက်နစ်နာပစေ၊ ကိုယ်သာအမှန်ဆိုတာကိုသက်သေထူဖို့၊ ကိုယ်အသာစီးရဖို့ဆိုလျှင် ဘယ်လိုအောက်တန်းကျယုတ်ညံ့တဲ့နည်းကို သုံးရပစေ၊ သုံးကျသူတွေ၊ အသုံးချသူတွေကလည်း များမှအများသားပါပဲ၊ ဒီလို ကောက်ကျစ်စဉ်းလဲတဲ့နည်းတွေကို အသုံးချပြီး အကျိုးအမြတ်ရရှိလာတဲ့အခါမှာလည်း ငါမို့လုပ်နိုင်တာ၊ ငါတော်လို့ရလာတာဆိုပြီးလည်း လွဲမှားစွာ ဂုဏ်ယူကျေနပ်နေသူတွေလည်း ရှိတတ်ပါသေးတယ်။ ပစ္စုန်ပ္ပန် သံသရာနှစ်တန်ဘဝအတွက် ရင်လေးဖွယ် လူတန်းစားမျိုးတွေပ။

တရားတော် အဆုံးမှာတော့ လူနတ်ဗြဟ္မာပေါင်းများစွာ အသိဉာဏ်အလင်းတွေပွင့်ပြီး အသိမှန် အမြင်မှန်တွေရရှိသွားကြတယ်လို့ဆိုပါတယ်၊ အမှန်သိမြင်သွားသူတွေထဲမှာ တိဿရဟန်းကြီးလည်း ပါဝင်ပါတယ်၊ စာရေးသူက ဓမ္မပဒလာ ဒီဇာတ်လမ်းကိုဖတ်မိပြီး အော် တိဿရဟန်းကြီးလိုပဲ မဆိုင်လှစွာ သာသနာ့နယ်ပယ်အထိတောင်မှပဲလာလို့ ရာဇမာန်တက်နေသူတွေ၊ ကိုယ့်အမှားကို ဆင်ခြင်ရကောင်းမှန်းမသိပဲ သူတစ်ပါးအပေါ်သာ အပြစ်ပုံချတတ်သူတွေ၊ မြတ်စွာဘုရားလို အတုမရှိ အတူမမြင်နိုင်တဲ့ပုဂ္ဂိုလ်မျိုးက ဆုံးမလမ်းညွှန်စကားဆိုတာကိုတောင် လွယ်လွယ်ကူကူ နာယူလိုက်နာရမှန်းမသိတဲ့သူတွေ ရှိတတ်တာပါကလားလို့ ဆင်ခြင်စဉ်းစားရင်း ပစ္စုပ္ပန်ဖြစ်ရပ်အချို့နဲ့ ယှဉ်စပ်ပြီး သံဝေဂ အထပ်ထပ် ပွားနေမိပါတယ်။ နောက်ပြီးလည်း တရားမရှိ၊ တရားမသိလျှင်တောင်မှ၊ လောကလူအများလက်ခံနေတဲ့ အမှားဆိုတာလောက်တော့ သိနိုင်သူများသာ ဖြစ်ကြပါစေရယ်လို့လည်း အားလုံးအတွက် ဆုတောင်းစကား ဆိုနေမိပါတယ်။ ။

မေတ္တာဖြင့်
အရှင်ဉာဏိက